# ကျောက်ကာကျေးရွာ

# ကျောက်ကာကျေးရွာအုပ်စု

# တောင်သာမြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေးစီမံချက် (၂၀၂၁ - ၂၀၂၆)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ကျောက်ကာကျေးရွာ ၊ တောင်သာမြို့နယ်

(သမဝါယမနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီး

ဌာနမှကူညီရေးဆွဲသည်)

၂၀၂၁ ခုနှစ် ၊ နိုဝင်ဘာ လ

## မာတိကာ

| | | |
|---|---|---|
| စကားချီး | | ၃ |
| ကျောက်ကာကျေးရွာ၊ ကျေးရွာသယံဇာတပြမြေပုံ၊တောင်သာမြို့နယ် | | ၄ |
| ၁။ | တည်နေရာနှင့်ပထဝီအနေအထား | ၅ |
| ၂။ | ရာသီဥတုနှင့်သဘာဝအရင်းအမြစ်များ | ၅ |
| ၃။ | ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ | ၅-၆-၇ |
| ၄။ | စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ | ၇ |
| | (က) သီးနှံစိုက်ပျိုးရေး | ၇ |
| | (ခ) မွေးမြူရေးလုပ်ငန်း | ၇ |
| | (ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းများ | ၇-၈ |
| | (ဃ) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု | ၈ |
| ၅။ | အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ | ၈ |
| | (က) သယ်ယူပို့ဆောင်ရေး | ၈ |
| | (ခ) ကျေးရွာမီးလင်းရေး | ၈ |
| | (ဂ) သတင်းနှင့်ဆက်သွယ်ရေး | ၈ |
| ၆။ | ပညာရေး | ၉ |
| ၇။ | ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး | ၉ |
| ၈။ | ဘေးအန္တရာယ်များနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး | ၉- ၁၀ |
| ၉။ | ကျား-မ ရေးရာကိစ္စရပ်များ | ၁၀ |
| ၁၀။ | ဦးစားပေးဆောင်ရွက်မည့်အဆိုပြုစီမံချက်လုပ်ငန်းများ | ၁၁ |
| နောက်ဆက်တွဲ | | |
| | နောက်ဆက်တွဲ(၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း | ၁၂ |
| | နောက်ဆက်တွဲ(၂) ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ | ၁၃-၅၄ |
| | နောက်ဆက်တွဲ(၃) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား | ၅၅-၅၇ |
| | နောက်ဆက်တွဲ(၄) ဦးစားပေးစီမံချက်အဆိုပြုလွှာ (၁) | ၅၈-၆၀ |
| | နောက်ဆက်တွဲ(၅) ဦးစားပေးစီမံချက်အဆိုပြုလွှာ (၂) | ၆၁-၆၃ |
| | နောက်ဆက်တွဲ(၆) ဦးစားပေးစီမံချက်အဆိုပြုလွှာ (၃) | ၆၃-၆၆ |

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၂၁-၂၀၂၂ ခု(၆ လ)ဘဏ္ဍာရေးနှစ်မှ ၂၀၂၅-၂၀၂၆ ခု ဘဏ္ဍာရေး နှစ်အထိ(၅)နှစ်ကြာအကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင် ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံချက်ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများပံ့ပိုးပေးသော သမဝါယမနှင့် ကျေးလက် ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အား အထူးပင် ကျေးဇူးတင်ရှိပါ သည်။အရေးကြီးသောအချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက် ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများ ကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများစနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့်လုပ်ထုံးလုပ်နည်းများကိုမသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကိုအသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေးကျွမ်းကျင်သူအဖွဲ့ တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရာတွင်ကိန်းဂဏန်းနှင့် သတင်းအချက်အလက်ရရှိနိုင်သောနေရာများမှလည်း ကောက်ယူ ရရှိခဲ့ပါသည်။ထို့ပြင်ထပ်မံလိုအပ်သောကိန်းဂဏန်း၊အချက်အလက်များနှင့်နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကိုထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့်ပိုမိုကောင်းမွန်လာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည်ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု ၊ ပေါ်ပေါက် လာသည့် အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများ၊ လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင်ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန် အတွက်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ဆက်လက် ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးဆိုင်ရာအားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့်အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများရရှိနိုင်မည်ဖြစ်ပါကြောင်းယုံကြည်ပါသည်။

ဤအစီအစဉ်တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် ဦးစားပေးလုပ်ငန်းအစီအစဉ်တို့ပါဝင်ပြီး အဆိုပြုစီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်အချက်အလက်များ ပါဝင်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ကျောက်ကာကျေးရွာ ၊ တောင်သာမြို့နယ်

၂၀၂၁ ခုနှစ်၊ နိုဝင်ဘာ လ

**၁. တောင်သာမြို့ ကျောက်ကာအုပ်စု၊ကျောက်ကာကျေးရွာ၏သယံဇာတပြမြေပုံ**



## ၁။ တည်နေရာနှင့်မြေမျက်နှာသွင်ပြင်အနေအထား

ကျောက်ကာကျေးရွာသည်မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင်၊ တောင်သာမြို့နယ်တွင် ပါဝင်သော ကျေးရွာတစ်ရွာဖြစ်ပြီးတောင်သာမြို့၏ အနောက်တောင်ဘက်(၁၂)မိုင်(၂)ဖာလုံ ခန့် တွင်တည်ရှိပါသည်။ကျေးရွာ၏အရှေ့ဘက်တွင်တဲယာကျေးရွာနှင့်အုတ်ဖိုးကျေးရွာ၊ တောင်ဘက် တွင် ကျောက်ကာတောင်ကုန်း၊အနောက်ဘက်တွင်ခံပင်ကွေ့ကျေးရွာ နှင့် မြောက်ဘက်တွင် ထန်းတောကြီးကျေးရွာ တို့နှင့် နယ်နိမိတ်ချင်း ထိစပ်လျှက်ရှိပါသည်။ ကျောက်ကာကျေးရွာ၏ အကျယ်အဝန်းမှာ ( ၈၀ )ကေခန့် ကျယ်ဝန်းပြီးအနီးဆုံးမြို့မှာ တောင်သာမြို့ဖြစ်ပါသည်။ ကျောက်ကာကျေးရွာသည်တောင်သာ–ကျောက်ပန်းတောင်လမ်းမကြီးမှာကတ္တရာလမ်းဖြစ်၍ အချိန်မရွေးသွားလာမှုလွယ်ကူပါသည်။ ကျောက်ကာကျေးရွာသည် တောင်သာမှဝဲလောင် ကျေးရွာထိ (၁၂)မိုင်နှင့်ဝဲလောင်မှကျောက်ကာကျေးရွာထိ(၂)ဖာလုံခန့်ကွာဝေးပါသည်။စိုက်ပျိုး ရေး လုပ်ငန်းကိုအဓိကလုပ်ကိုင်သော ကျေးရွာဖြစ်ပြီး ကျေးရွာ ပတ်ဝန်းကျင်ရှိ ယာမြေများမှာ မြေဆီမြေသြဇာ သင့်တင့်ကောင်းမွန်သော ယာမြေများဖြစ် ပါသည်။

## ၂။ ရာသီဥ တုနှင့်သဘာဝအရင်းအမြစ်များ

ကျောက်ကာကျေးရွာ၏ရာသီဥတုအနေအထားမှာသာမန်အားဖြင့် နွေရာသီတွင်အပူချိန် ၄၁°C ရှိတက်ပါသည်။ယခုနှစ်မိုးရာသီတွင်မိုးရွာသွန်းမှုအသင့်အတင့်ရှိပါသည်။စိုက်ပျိုးရေးအတွက် မိုးရွာသွန်းမှုနှင့်ချောင်းရေကိုမှီခို၍ စိုက်ပျိုးကြသည်။ မိုးရွာသွန်းမှုသင့်တင့်သောကြောင့် သီးနှံ အထွက်နှုန်းမှာ အသင့်အတင့်ကောင်းမွန်ပါသည်။လယ်မြေ၊ယာမြေ၊ဥယျာဉ်ခြံမြေ နှင့် စားကျက် မြေ စုစုပေါင်းဧက( ၄၃၄ )ဧက ရှိပါသည်။ မိုးရာသီတွင် ချောင်းရေမှ မှီခို၍ ကြက်သွန်ကို အဓိကထားစိုက်ပျိုးကြပါသည်။အဓိကစိုက်ပျိုး သီးနှံများမှာ နှမ်း၊ မြေပဲ၊ ကြက်သွန်နှင့် ပြောင်း များ ဖြစ်ပါသည်။ကျောက်ကာကျေးရွာတွင် သတ္တုနှင့် အခြားတွင်းထွက်များမထွက်ရှိပါ။

## ၃။ ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ

ကျေးရွာတွင်နှမ်း၊မြေပဲ၊ကြက်သွန်နှင့်ပြောင်းကို အဓိကစိုက်ပျိုးကြသည်။ သီးနှံများမှာ မိုးရွာသွန်းမှုအပေါ်မှီခို၍စိုက်ပျိုးကြသည်။ဆောင်ရာသီတွင်ချောင်းရေနှင့်တွင်းရေမှရေကိုမှီခို၍ ကြက်သွန်ကို စိုက်ပျိုးကြပါသည်။စိုက်ပျိုးရေးဦးစီးဌာနမှနည်းပညာ ဝန်ဆောင်မှုများ ရရှိနိုင် ကြသည်။ ကျေးရွာတွင် မွေးမြူရေးကဏ္ဍအနေဖြင့်လယ်ယာလုပ်ငန်းတွင် အသုံးပြုရန်အတွက် နွားကို အဓိကထား မွေးမြူကြသည်။တစ်ပိုင်တစ်နိုင်စီးပွားရေးအနေဖြင့် နွား၊ဆိတ်၊ဝက်နှင့်ကြက် မျိုးစိတ်များကို မွေးမြူ ကြသည်။ မွေးမြူရေးသီးသန့်မရှိပါ။ ကျေးရွာတွင်အလုပ်လုပ်နိုင်သော

လူဦးရေ အများအပြားရှိပါသည်။ဆောက်လုပ်ရေးလုပ်ငန်းများဖြစ်သော လက်သမား၊ ပန်းရံ လုပ်ငန်းလုပ်ကိုင်သူများရှိသည်။ကျေးရွာတွင်မူလတန်းကျောင်းရှိပါသည်။ မူလတန်းကျောင်း တက်နှုန်းလည်း မြင့်မားပါသည်။ကျေးရွာတွင် ကျေးလက်ကျေးလက်ဆေးပေးခန်းရှိပါသဖြင့် အခြေခံကျန်းမာရေး စောင့်ရှောက်မှုများကို ကျေးရွာတွင်သာကုသမှုရရှိနိုင်ပါသည်။ အရေးပေါ် နှင့်ရောဂါကြီးများကို ဝဲလောင်တိုက်နယ်ဆေးရုံနှင့် တောင်သာမြို့နယ်ဆေးရုံသို့ သွားရောက် ကုသနိုင်ကြပါသည်။ ကျေးရွာတွင် ကိုယ်ပိုင်အဝီစိစက်တပ်ရေတွင်း(၁၁၇)တွင်းနှင့်မိုးရေသိုလှောင် ကန်(၂၇)ကန်ရှိပြီး ရေတွင်း(၁၁၇)မှာရေငန်ဖြစ်သဖြင့် သုံးရေအဖြစ်သာ အသုံးပြုနိုင်ပါသည်။ သောက်ရေအားကျေးရွာနှင့်(၂)ဖာလုံကွာဝေးသောဘုန်းတော်ကြီးကျောင်းဝိုင်းအတွင်းရှိစက်ရေတွ င်းမှရေအား ကျေးရွာသို့ရေပိုက်လိုင်းသွယ်တန်းပြီး ကျေးရွာထိပ်တွင်ရေစုကန်ဖြင့် စုဆောင်းပြီး ကျေးရွာမှအသုံးပြုရပါသည်။ကိုယ်ပိုင်အဝီစိစက်တပ်ရေတွင်းမရှိသောအိမ်ထောင်စုများမှာ အဝီစိ စက်ရေတွင်းရှိသူများနှင့် မျှတ၍သုံးကြပါသည်။ရေတွင်းများမှာ နွေး၊ မိုး၊ ဆောင်း လုံလောက်မှု ရှိပါသည်။ရေအရည်အသွေး စစ်ဆေးခြင်းကိုမူ စစ်ဆေးရခြင်းမရှိသေးပါ။ကျေးရွာတွင် ရေဆွဲအိမ်သာသုံးစွဲမှုအိမ်ထောင်စု(၁၂)စု၊ ယင်လုံ အိမ်သာသုံးစွဲမှုအနေဖြင့် အိမ်ထောင်စု(၁၄၉)စု၊ အိမ်သာမရှိသော အိမ်ထောင်စု(၁၁)စု ရှိပါသည်။ကျောက်ကာကျေးရွာသည် တောင်သာ– ကျောက်ပန်းတောင်လမ်းမကြီး မြောက်ဘက်ဘေး(၂)ဖာလုံအကွာအဝေးတွင်ရှိပါသည်။ ကျောက်ကာကျေးရွာသည်တောင်သာ–ကျောက်ပန်းတောင် လမ်းမကြီးမှာ ကတ္တရာလမ်း ဖြစ်ပြီး တောင်သာ-ကျောက်ပန်းတောင် လမ်းဘေး(၂)ဖာလုံမှာ ကျောက်ချောလမ်းဖြစ်၍အချိန်မရွေး သွားလာမှုလွယ်ကူပါသည်။ကျောက်ကာကျေးရွာသည် စိုက်ပျိုးရေး လုပ်ငန်းကို အဓိက လုပ်ကိုင်သော ကျေးရွာဖြစ်ပြီး ကျေးရွာပတ်ဝန်းကျင်ရှိယာမြေများမှာ မြေဆီမြေဩဇာသင့်တင့် ကောင်းမွန်သော ယာမြေနှင့်လယ်မြေများဖြစ်ပါသည်။ ကျေးရွာတွင်လူမှုရေးကိုအခြေခံ၍ ဖွဲ့စည်းထားသော ပရဟိတအဖွဲ့အစည်း(၁)ဖွဲ့ နှင့် ဘာသာရေး ကို အခြေခံ၍ ဖွဲ့စည်းထားသော ဓမ္မာစကြာအဖွဲ့၊စုစုပေါင်း(၂)ဖွဲ့ရှိပါသည်။၎င်းအဖွဲ့သည် ကျေးရွာ၏ သာရေး၊နာရေး၊ဖွံ့ဖြိုးရေး လုပ်ငန်းများကို ဆောင်ရွက်လျှက်ရှိပါသည်။ကျေးရွာမှာ အဖွဲ့အစည်းဆိုင်ရာ သဘောတရား တို့နှင့် ပတ်သက်၍အသင့်အတင့်ရှိကြသည်။ကျောက်ကာ ကျေးရွာ၏ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု တွင် အုပ်ချုပ်ရေးမှူး၊ ရွာခွဲတာဝန်ခံနှင့်ကျေးရွာ ရပ်မိရပ်ဖများ၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီများ နှင့် ပူးပေါင်းညှိနှိုင်း၍ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် စီမံဆောင်ရွက်စေခြင်း၊ ပညာရေးဆိုင်ရာ လုပ်ငန်းများတွင်စာသင်ကျောင်း၏အကျိုးတော်ဆောင်ကော်မတီများ ဖွဲ့စည်း၍စီမံဆောင်ရွက် စေခြင်း၊ သာရေး၊နာရေး လုပ်ငန်းများတွင် သုံးစွဲနိုင်ရန်အတွက် ကျေးရွာပိုင်ပစ္စည်းများ ထိန်းသိမ်း ခြင်း၊ကျေးရွာရန်ပုံငွေရှာဖွေခြင်းများ လုပ်ဆောင်နိုင်ရန်အတွက် ကျေးရွာဖွံ့ဖြိုးရေး ကော်မတီများ

ဖွဲ့စည်း၍ စီမံခန့်ခွဲစေခြင်း၊ လူငယ်အဖွဲ့များ၊ အမျိုးသမီးအဖွဲ့များမှ စီမံခန့်ခွဲဆောင်ရွက်စေခြင်းစသောဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုများတွင် အဖွဲ့အစည်းအလိုက် တာဝန်ပေးအပ်၍ လုပ်ကိုင်ဆောင်ရွက် ကြပါသည်။

**၄။ စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ**

**(က) သီးနှံစိုက်ပျိုးရေး။** ။ကျေးရွာတွင်နှမ်း၊မြေပဲ၊ကြက်သွန်နှင့်ပြောင်း ကိုအဓိကစိုက်ပျိုးကြသည်။သီးနှံများမှာမိုးရွာသွန်းမှုအပေါ်မှီခို၍စိုက်ပျိုးကြသည်။ဆောင်ရာသီတွင် ချောင်းရေနှင့်တွင်းရေမှရေကိုမှီခို၍ ကြက်သွန်ကို အဓိကထား စိုက်ပျိုးကြပါသည်။ စိုက်ပျိုးရေးဦးစီးဌာနမှ နည်းပညာဝန်ဆောင်မှုများရရှိနိုင်ကြသည်။ ယခုနှစ်တွင် စိုက်ပျိုးမြေ အရည်အသွေးသင့်တင့် ကောင်းမွန်သောကြောင့် မိုးရွာသွန်းမှု အသင့်အတင့်ကောင်းမွန်သောကြောင့် သီးနှံအထွက်နှုန်းမှာလည်း အသင့်အတင့် ကောင်းမွန်ပါသည်။လယ်ယာလုပ်ငန်းကို အဓိကထားစိုက်ပျိုးသည့်ကျေးရွာဖြစ်သည့်အတွက် စိုက်ပျိုးသီးနှံများ အထွက်နှုန်းတိုးရန် စိုက်ပျိုးရေးနည်းပညာ သင်တန်းများဖွင့်လှစ်ပေးရန်လိုအပ်သည်။

**(ခ) မွေးမြူရေးလုပ်ငန်း။** ။ကျေးရွာတွင် မွေးမြူရေးကဏ္ဍအနေဖြင့်လယ်ယာလုပ်ငန်းတွင်အသုံးပြုရန်အတွက်နွားကိုအဓိကထားမွေးမြူကြသည်။ ကျေးရွာတွင်တစ်ပိုင်တစ်နိုင် မွေးမြူရေးကဏ္ဍအနေဖြင့် တစ်ချို့အိမ်ထောင်စုများမှာ ဝက်နှင့်ကြက်များကိုမွေးမြူကြပါသည်။ကျေးရွာတွင်တစ်ပိုင်တစ်နိုင်မွေးမြူရေးကဏ္ဍအနေဖြင့် စီးပွားဖြစ်မွေးမြူနိုင်ပါက စီးပွားရေး ပိုမိုအဆင်ပြေလာနိုင်ပါသည်။ တိရစ္ဆာန်များမှာရာသီအလိုက်ဖြစ်တက်သောရောဂါများကြောင့်လည်း သေဆုံးမှုများရှိတက်သည်။သို့ဖြစ်ပါ၍ တိရစ္ဆာန်ကာကွယ်ဆေးပုံမှန် ထိုးပေးရန် လိုအပ်ပါသည်။

**(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းများ။** ။စိုက်ပျိုးမွေးမြူရေးမရှိသောသူအများစုမှာ တောင်သူနေ့စား၊အစိုးရဝန်ထမ်းများ၊ ဈေးရောင်းနှင့်ပန်းရံလုပ်ငန်းများ လုပ်ကိုင်ကြသည်။ ဆောက်လုပ်ရေးလုပ်ငန်းများတွင် လုပ်ကိုင်နေကြသော်လည်း ကျွမ်းကျင်မှုအားနည်းကြသည်။လျှပ်စစ်မီးရရှိသော်လည်း အသက်မွေးဝမ်းကြောင်း နည်းပညာဝန်ဆောင်မှုများမရှိခြင်း၊အသက်မွေးဝမ်း

ကြောင်းပြသောပညာကို ကျွမ်းကျင်စွာတက်မြောက်မှုမရှိခြင်းကြောင့် အသက်မွေးဝမ်းကြောင်း သင်တန်း များ ဖွင့်လှစ်ပေးရန် လိုအပ်ပါသည်။

**(ဃ) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု။** ။ကျောက်ကာကျေးရွာရှိ တောင်သူအချို့မှာ စိုက်ဘဏ်၊ သမဓေးငွေ၊စထာပန နှင့် Pact Myanmar တို့မှချေးငွေ ရရှိကြသည်။စိုက်စရိတ်ချေးငွေမလုံလောက်ခြင်းနှင့်ထုတ်ချေးသည့်အချိန်နှင့် သီးနှံ စိုက်ပျိုး သည့် အချိန်မကိုက်ညီခြင်းစသည့် အခက်အခဲများ ရှိသည်။

## အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ

**(က) ကျေးလက်သယ်ယူပို့ဆောင်ရေး။** ။ကျောက်ကာကျေးရွာတွင်သယ်ယူပို့ဆောင်ရေး အတွက်မော်တော်ဆိုင်ကယ်နှင့် ကားများကိုအသုံးပြုကြပြီး လယ်တောထုတ်ကုန်များကိုမှုန္တားလှည်းများဖြင့်သယ်ယူကြသည်။ကျေးရွာသို့သွားသောလမ်းမှာ တောင်သာ–ကျောက်ပန်းတောင်လမ်းမကြီး မြောက်ဘက်ဘေး(၂) ဖာလုံ အကွာအဝေးတွင်ရှိပါသည်။တောင်သာ–ကျောက်ပန်းတောင် လမ်းမကြီးမှာ ကတ္တရာလမ်းဖြစ်ပြီး တောင်သာ–ကျောက်ပန်းတောင်လမ်းမကြီး မြောက်ဘက်(၂)ဖာလုံ အကွာအဝေးမှာ ကျောက်ချောလမ်းဖြစ်၍ သွားလာမှုလွယ်ကူပြီး အချိန်မရွေးသွားလာမှုလွယ်ကူပါသည်။

**(ခ) ကျေးရွာမီးလင်းရေး။** ။ကျောက်ကာကျေးရွာသည် လျှပ်စစ်မီးရရှိပါသည်။ အိမ်ထောင်စု (၁၇၂)စုရှိပြီးကျေးရွာ၏အိမ်ထောင်စု(၁၆၇)စုမှာ လျှပ်စစ်မီး အသုံးပြုပြီး၊ဆိုလာစနစ်ကိုအသုံးပြုသောအိမ်ထောင်စု (၂) စုနှင့် အမျိုးအမည်ခွဲခြား ဖော်ပြခြင်း မပြုနိုင်သောလျှပ်စစ်ဓာတ်အားပေးစနစ်ကိုအသုံးပြုအိမ်ထောင်စု(၃)စုဖြင့် မီးလင်းရေး ကိုသုံးစွဲ လျှက်ရှိပါသည်။

**(ဂ) သတင်းနှင့်ဆက်သွယ်ရေး။** ။ကျောက်ကာကျေးရွာတွင်ဖုန်းတိုင်များကျေးရွာအနီးတွင် ရှိသောကြောင့်ဆက်သွယ်ရေးဆိုင်ရာကောင်းမွန်ပါသည်။လျှပ်စစ်မီးရရှိသောကြောင့် TV၊စလောင်းမှ ဗဟုသုတ အစီအစဉ်များလည်း ကြည့်ရှုနိုင်ကြသည်။

## ၆။ ပညာရေး

ကျေးရွာတွင်အထက်တန်းကျောင်းခွဲရှိသောကြောင့် မူလတန်း၊ အလယ်တန်းနှင့် အထက်တန်း ပညာကို ကျေးရွာတွင်သာပညာသင်ယူနိုင်ပါသည်။ ကျောင်းဆောင်(၅)ဆောင်ရှိပြီး (၅)ဆောင်လုံးမှာ ကောင်းမွန်ပါသည်။ ကျောင်းသုံးပရိဘောဂနှင့်စာရေးကိရိယာများ မလုံလောက်ပါ။ မသန်းစွမ်သူများအတွက် အထူးအစီအစဉ်မရှိပါ။ မူလတန်း၊အလယ်တန်းနှင့် အထက်တန်း ပညာများ ကျောင်းတက်နှုန်း မြင့်မားပါသည်။

## ၇။ ကျန်းမာရေး၊ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျေးရွာတွင် ကျေးလက် ဆေးပေးခန်းရှိသဖြင့် အခြေခံစောင့်ရှောက်မှုများကိုကျေးရွာတွင် ကုသနိုင်ပါသည်။ အရေးပေါ်နှင့်ရောဂါကြီးများကို ဝဲလောင်တိုက်နယ်ဆေးရုံနှင့် တောင်သာမြို့နယ် ဆေးရုံးသို့ သွားရောက်ကုသကြသည်။ ကျေးရွာတွင် ကိုယ်ပိုင်အဝီစိစက်တပ်ရေတွင်း (၁၁၇)တွင်းနှင့်မိုးရေသိုလှောင် ကန်(၂၇)ကန်ရှိပြီး ရေတွင်း(၁၁၇)မှာရေငန်ဖြစ်သဖြင့် သုံးရေအဖြစ်သာ အသုံးပြုနိုင်ပါသည်။ သောက်ရေအားကျေးရွာနှင့်(၂) ဖာလုံကွာဝေးသော ဘုန်းတော်ကြီးကျောင်းဝိုင်းအတွင်းရှိစက်ရေတွင်းမှရေအား ကျေးရွာသို့ရေပိုက်လိုင်းသွယ်တန်းပြီး ကျေးရွာထိပ်တွင်ရေစုကန်ဖြင့် စုဆောင်းပြီး ကျေးရွာမှအသုံးပြုရပါသည်။ကိုယ်ပိုင်အဝီစိစက်တပ်ရေတွင်းမရှိသောအိမ်ထောင်စုများမှာ အဝီစိစက်ရေတွင်းရှိသူများနှင့် မျှတ၍သုံးကြပါသည်။ ရေတွင်းများမှာ နွေး၊ မိုး၊ ဆောင်း လုံလောက်မှု ရှိပါသည်။ရေအရည်အသွေး စစ်ဆေးခြင်းကိုမူ စစ်ဆေးရခြင်းမရှိသေးပါ။ကျေးရွာတွင် ရေဆွဲအိမ်သာသုံးစွဲမှုအိမ်ထောင်စု(၁၂)စု၊ ယင်လုံအိမ်သာသုံးစွဲမှုအနေဖြင့် အိမ်ထောင်စု(၁၄၉)စု၊ အိမ်သာမရှိသော အိမ်ထောင်စု(၁၁)စု ရှိပါသည်

## ၈။ ဘေးအန္တရာယ်များနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ကျောက်ကာကျေးရွာရှိစိုက်ခင်းများတွင် ဖျက်ပိုးများကျရောက်ခြင်းကြောင့်ပိုးသတ်ဆေးနှင့် ဓာတုမြေသြဇာများသုံးစွဲမှုများပြားသဖြင့် မြေဆီလွှာအရည်အသွေးကျဆင်းလာနိုင်သည်။ တောင်သူများအနေဖြင့်ဘက်စုံပိုးမွှားနှိမ်နင်းရေးစနစ်အစားဓါတုပိုးသတ်ဆေးများကိုသာအသုံးပြုမှုများပြားသည့်။စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုတွင်လည်းပလက်စတစ်အိတ်၊ ပုလင်းခွံ၊ ဗူးခွံများကိုစနစ်တကျမစွန့်ပစ်ကျသဖြင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာအသိပညာပေးလုပ်ငန်းများမြှင့်တင်ဆောင်ရွက်ပေးသင့်သည်။ ကျေးရွာတွင်အပူချိန်မြင့်မား၍မိုးခေါင်ခြင်းတို့ကြောင့် စိုက်ပျိုးရေရှားပါးမှုနှင့်ကြုံတွေ့ရပြီး လေပြင်းများတိုက်ခတ်ခြင်း၊မိုးသီးများကြွေကျခြင်း၊မိုးသည်းထန်စွာရွာသွန်းနိုင်ခြင်းတို့ကြောင့်လူနေအိမ်များပျက်စီးနိုင်ခြင်း၊ စိုက်ပျိုးသီးနှံများဆုံးရှုံးနိုင်ခြင်းစသော ဘေးအန္တရာယ်

များလည်းဖြစ်ပေါ်လာနိုင်ပါသည်။ သို့ပါ၍ သဘာ၀ဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားသင့်ပါသည်။

## ၉။ ကျား-မ ရေးရာကိစ္စရပ်များ

ကျောက်ကာကျေးရွာတွင်ကျား-မရေးရာကိစ္စဆိုင်ရာ အနေအထားမှာလွတ်လပ်မှုရှိသည်။ ကျား - မ ရေးရာဆိုင်ရာတာ၀န်ယူမှုအပိုင်းတွင်မူ ကျေးရွာလူမှုအဖွဲ့အစည်း၏ စံနှုန်းများအရ ကောင်းစွာသတ်မှတ်ထားမှုမရှိ၍ ဆောင်ရွက်နိုင်မှုအားနည်းကြသည်။ ကျေးရွာတွင်ကျားနှင့်မ အကြားပြင်းထန်သောအိမ်တွင်းအကြမ်းဖက်မှုနှင့်ခွဲခြားဆက်ဆံခြင်းကိစ္စများမတွေ့ရပါ။ ကျေးရွာတွင်အမျိုးသား၊အမျိုးသမီးများသည်သာမန်အားဖြင့် ပညာရေးနှင့်အခြားနယ်ပယ်များတွင် အခွင့်အရေး တူညီစွာရရှိသည်ဟုယေဘုယျပြောနိုင်ပါသည်။

ကျောက်ကာကျေးရွာတွင် ဓမ္မာစကြာအဖွဲ့(၁)ဖွဲ့ရှိပြီးနှစ်စဉ်ဝါတွင်းကာလ လပြည့် လကွယ်နေ့များတွင် သံဃာဆွမ်းလောင်းခြင်း၊ ဓမ္မာစကြာရွတ်ဖတ်ပူဇော်ခြင်း ၊ ပဋ္ဌာန်းဒေသနာများရွတ်ဆိုပူဇော်ကြပါသည်။ သီးတင်ကျွတ်လတွင် ကျေးရွာဘုရားပွဲရှိ၍ ဆွမ်းလောင်းလှူကြသည်။ကျေးရွာရှိ ပညာရေး၊ ကျန်းမာရေးလုပ်ငန်းများတွင် အမျိုးသားများနှင့်တန်းတူရင်ဘောင်တန်း၍ပူးပေါင်းဆောင်ရွက်ကြပါသည်။

စိုက်ပျိုးရေးတွင်လုပ်ကိုင်ကြသောအမျိုးသားများ၏ ပျှမ်းမျှတစ်ရက်အများဆုံးလုပ်အားခမှာ (၆၀၀၀ိ/-) ကျပ်နှင့် အမျိုးသမီးများအတွက်လုပ်အားခ(၅၀၀၀ိ/-)ရရှိပြီး အမျိုးသားများအတွက် အနည်းဆုံးလုပ်အားခ (၅၀၀၀ိ/-) နှင့်အမျိုးသမီးများအတွက် (၃၀၀၀ိ/-)ရရှိပါသည်။ ဆောက်လုပ်ရေးလုပ်ငန်းများတွင်ကျွမ်းကျင်သောလက်သမား၊ပန်းရံလုပ်သားများအတွက်လုပ်အားခ(၇၀၀၀ိ/-) ရရှိပြီးနောက်လိုက်လုပ်သားအတွက်လုပ်အားခ(၅၀၀၀ိ/-)နှင့် အမျိုးသမီးများအတွက်လုပ်အားခ (၅၀၀၀ိ/-ရရှိပါသည်။နေ့တွက်လုပ်အားခများတွင်အမျိုးသားများကအမျိုးသမီးများထက် လုပ်အားခ ပိုမိုရရှိကြသည်။

## ၅. ဦးစားပေးဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ

| စီမံချက်အမည် | ဦးစားပေး<br><br>အဆင့် |
|---|---|
| ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်း | ၁ |
| ကုန်ထုတ်လမ်းဖောက်လုပ်ပေးစေလိုခြင်း | ၂ |
| အိမ်တိုင်းရာရောက်ရေပိုက်လိုင်းသွယ်တန်းခြင်း | ၃ |
| လျှပ်စစ်မီးတိုင်/မီးတိုင်ကြိုးများလဲလှယ်ခြင်း | ၄ |
| မူကြိုကျောင်းဆောင်တည်ဆောက်ခြင်း | ၅ |
| အသက်မွေးဝမ်းကျောင်းသင်တန်းများဖွင့်လှစ်ခြင်း | ၆ |
| စိုက်ပျိုးရေးနည်းပညာသင်တန်းများဖွင့်လှစ်ပေးစေလိုခြင်း | ၇ |

နောက်ဆက်တွဲ (၁)

## ကျောက်ကာကျေးရွာ ၊ကျောက်ကာကျေးရွာအုပ်စု၊ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | အသက် | တာဝန် | ဖုန်းနံပါတ် |
|---|---|---|---|---|---|---|
| ၁ | ဦးချစ်ဆောင် | ဦးဘိုနီ | ၉/မလန(နိုင်)၀၆၀၇၈၅ | ၆၃ | ဥက္ကဋ္ဌ | ၀၉-၇၈၅၇၉၈၈၃၅ |
| ၂ | ဒေါ်ကြည်ကြည်ဝင်း | ဦးထွန်းပေါ် | ၉/တသန(နိုင်)၀၀၀၃၃၄ | ၅၂ | ဘဏ္ဍာရေးမှူး | ၀၉-၆၆၆၄၉၆၆၄၉ |
| ၃ | ဦးစိန်ဝင်း | ဦးဘဆောင် | ၉/တသန(နိုင်)၀၁၂၃၈၂ | ၆၂ | ဝယ်ယူရေးဥက္ကဋ္ဌ | ၀၉-၇၉၃၆၉၈၉၉၁ |
| ၄ | ဒေါ်အေးအေးခိုင် | ဦးကြွား | ၉/တသန(နိုင်)၁၁၀၅၉၀ | ၅၃ | စာရင်းကိုင် | ၀၉-၇၉၂၅၁၆၆၅၁ |
| ၅ | ဦးစိန်လင်း | ဦးစိန်ဖေ | ၉/တသန(နိုင်)၀၁၂၉၈၄ | ၆၁ | အဖွဲ့ဝင် | ၀၉-၆၅၀၇၄၇၅၀၁ |
| ၆ | ဦးကျော်ဆန်းဝင်း | ဦးအောင်လှိုင် | ၉/တသန(နိုင်)၀၉၀၉၈၁ | ၅၇ | အဖွဲ့ဝင် | ၀၉-၉၇၄၂၁၇၇၄၇ |
| ၇ | ဒေါ်သင်းသင်းစိုး | ဦးထွန်းကြည် | ၉/တသန(နိုင်)၀၉၈၃၂၅ | ၄၁ | အဖွဲ့ဝင် | ၀၉-၄၂၄၁၃၄၄၄၁ |
| ၈ | ဒေါ်ဝါဝါဝင်း | ဦးရွှေဝင်း | ၉/တသန(နိုင်)၀၈၂၉၁၈ | ၅၀ | အဖွဲ့ဝင် | ၀၉-၉၇၀၆၉၃၆၆၅ |
| ၉ | ဦးဇော်မျိုးအောင် | ဦးထင်အောင် | ၉/မလန(နိုင်)၀၀၄၈၃၂ | ၅၂ | အတွင်းရေးမှူး | ၀၉-၂၂၁၂၀၈၆ |

## ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

### (၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

### (က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

**ဇယား ( ၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၂ | ၆ | ၈ |
| ၁ နှစ်မှ ၄ နှစ် | ၅နှစ်အောက်ကလေးငယ် | ၁၂ | ၁၃ | ၂၅ |
| ၅ နှစ်မှ ၉ နှစ် | မူလတန်းကျောင်းသားအရွယ် | ၂၀ | ၁၉ | ၃၉ |
| ၁၀ နှစ်မှ ၁၄ နှစ် | အလယ်တန်းကျောင်းသားအရွယ် | ၂၀ | ၂၇ | ၄၇ |
| ၁၅ နှစ်မှ ၆၄ နှစ် | အလုပ်လုပ်နိုင်သည့်အရွယ် | ၂၀၃ | ၂၄၆ | ၄၄၉ |
| ၆၅ နှစ်နှင့် အထက် | သက်ကြီးရွယ်ကြီး | ၂၈ | ၄၁ | ၆၉ |
| စုစုပေါင်း | | ၂၈၅ | ၃၅၂ | ၆၃၇ |
| စုစုပေါင်း အိမ်ထောင်စု | | ၁၇၂ | | |

ရင်းမြစ်…(၁)အိမ်ထောင်စုစာရင်းကောက်ယူမှု၊(၂)ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊၊ လေ့လာတွေ့ရှိချက်၊၊ ၊၊ကျောက်ကာကျေးရွာတွင် အိမ်ထောင်စုပေါင်း(၁၇၂)စုရှိ၍ လူဦးရေမှာ ကျား(၂၈၅)ဦး နှင့် မ(၃၅၂)ဦး စုစုပေါင်း(၆၃၇)ဦးရှိပါသည်။တစ်အိမ်ထောင်ပျှမ်းမျှလူဦးရေမှာ (၃.၇)ဦး ဖြစ်သဖြင့် နိုင်ငံတကာလူဦးရေနှင့်နှိုင်းယှဉ်လျှင် ဖွံ့ဖြိုးမှုသင့်တင့်ပါသည်။တစ်နှစ်အောက် ကလေးငယ်မှာ(၁.၃%)၊၁နှစ်မှ၃နှစ်အထိ(၃.၉%)၊၅နှစ်မှ၉နှစ်အထိ(၆.၂%)၊၁၀နှစ်မှ၁၄နှစ်အထိ(၇.၃%)၊၁၅နှစ်မှ ၆၄နှစ်အထိ(၇၇.၃၄%)နှင့်၆၅နှစ်နှင့်အထက်(၆.၁၆%)ဖြစ်ပါသည်။၁၅နှစ်မှ၆၄နှစ်အထိ အလုပ်လုပ်နိုင် သည့် အရွယ်ရာခိုင်နှုန်းမှာ (၇၀.၄၈%)နှင့်သက်ကြီးရွယ်အိုးရာခိုင်နှုန်းမှာ(၁၀.၈%) ဖြစ်သဖြင့် ကျောက်ကာကျေးရွာတွင် အလုပ်လုပ်နိုင်သော လူဦးရေများရှိပါသည်။အလုပ်လုပ်နိုင်သောအရွယ်တွင် ပြည်တွင်း ပြည်ပသို့ သွားရောက် လုပ်ကိုင် နေသူများလည်း ပါဝင်ပါသည်။

### (ခ)အလုပ်လုပ်နိုင်သူ (ခ-၁)လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

**ဇယား (၂) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား**

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| **စိုက်ပျိုးစီးပွား လုပ်ငန်းများ** | | | | | |
| ၁ | **လယ်ယာစိုက်ပျိုးရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁၂၁ | ၁၆၇ | ၁၇၀ | မြင့် ☑လတ်☐နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| | အလုပ်သမား / ဝန်ထမ်း | ၂၅ | ၃၇ | | မြင့် ☐လတ်☑နိမ့် ☐ |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐လတ်☐နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐လတ်☐နိမ့် ☐ |
| ၃ | **ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊မွေးမြူခြင်း)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐လတ်☐နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐လတ်☐နိမ့် ☐ |
| ၄ | **သစ်တောလုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐လတ်☐နိမ့် ☐ |
| | အလုပ်သမား /ဝန်ထမ်း | | | | မြင့် ☐လတ်☐နိမ့် ☐ |
| **စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ** | | | | | |
| ၅ | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐လတ်☐နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐လတ်☐နိမ့် ☐ |
| ၆ | **ထုတ်ကုန်လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐လတ်☐နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐လတ်☐နိမ့် ☐ |
| ၇ | **လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐လတ်☐နိမ့် ☐ |
| | အလုပ်သမား/ဝန်ထမ်း | | | | မြင့် ☐လတ်☐နိမ့် ☐ |
| ၈ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐လတ်☐နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် အိမ်ထောင်စု | အဓိက အလုပ်အကိုင် မိသားစုဝင် လုပ်အား | အဓိကဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | အလုပ်သမား / ဝန်ထမ်း | ၁၉ | ၃၁ | ၁၄ | မြင့် ☐လတ်☑နိမ့် ☐ |
| ၉ | **ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများပြင်ဆင်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐လတ်☐နိမ့် ☐ |
| | အလုပ်သမား /ဝန်ထမ်း | | | | မြင့် ☐လတ်☐နိမ့် ☐ |
| ၁၀ | **ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐လတ်☐နိမ့် ☐ |
| | အလုပ်သမား /ဝန်ထမ်း | | | | မြင့် ☐လတ်☐နိမ့် ☐ |
| ၁၁ | **လက်လီ-လက်ကား ရောင်းဝယ်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၆ | ၁၁ | ၁၂ | မြင့် ☐လတ်☐နိမ့် ☑ |
| | အလုပ်သမား /ဝန်ထမ်း | | | | မြင့် ☐လတ်☐နိမ့် ☐ |
| ၁၂ | **ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐လတ်☐နိမ့် ☐ |
| | အလုပ်သမား /ဝန်ထမ်း | | | | မြင့် ☐လတ်☐နိမ့် ☐ |
| ၁၃ | **ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့်ဆက်သွယ်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐လတ်☐နိမ့် ☐ |
| | အလုပ်သမား /ဝန်ထမ်း | | | | မြင့် ☐လတ်☐နိမ့် ☐ |
| ၁၄ | **ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐လတ်☐နိမ့် ☐ |
| | အလုပ်သမား /ဝန်ထမ်း | | | | မြင့် ☐လတ်☐နိမ့် ☐ |
| ၁၅ | **အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐လတ်☐နိမ့် ☐ |
| | အလုပ်သမား /ဝန်ထမ်း | | | | မြင့် ☐လတ်☐နိမ့် ☐ |
| ၁၆ | **ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐လတ်☐နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐လတ်☐နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| ၁၇ | **ပညာရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐လတ်☐နိမ့် ☐ |
| | အလုပ်သမား /ဝန်ထမ်း | | | | မြင့် ☐လတ်☐နိမ့် ☐ |
| ၁၈ | **ကျန်းမာရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐လတ်☐နိမ့် ☐ |
| | အလုပ်သမား /ဝန်ထမ်း | ၁ | ၁ | ၁ | မြင့် ☐လတ်☐နိမ့် ☑ |
| ၁၉ | **လူမှုရေး လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐လတ်☐နိမ့် ☐ |
| | အလုပ်သမား/ဝန်ထမ်း | | | | မြင့် ☐လတ်☐နိမ့် ☐ |
| ၂၀ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | ☒ |
| | အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား | | | | |
| ၂၁ | **ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐လတ်☐နိမ့် ☐ |
| | အလုပ်သမား/ဝန်ထမ်း | | | | မြင့် ☐လတ်☐နိမ့် ☐ |
| | **စုစုပေါင်း** | | | | ☒ |

ရင်းမြစ်**...**(၁)အိမ်ထောင်စုစာရင်းကောက်ယူမှု၊ **(၂)** ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။"**အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ**"အရေအတွက်တွင် " **မိသားစုဝင်လုပ်အား**" ထပ်မံ ထည့်သွင်းကောက်ယူခြင်း မပြုရပါ။ " **ရပ်တည်နိုင်မှု(နိမ့်၊လတ် ၊ မြင့်)**" ဆိုသည်မှာ ဖော်ပြပါလုပ်ငန်းတစ်ခုတွင်ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ(သို့မဟုတ်) အလုပ်သမား/ဝန်ထမ်း အဖြစ် လုပ်ကိုင်လိုသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှု၊ဝင်ငွေစသည့် အခြေအနေကိုဆိုလို ပါသည်။ ဥပမာ -" **စိုက်ပျိုးရေးကဏ္ဍ** "၏ " **ကိုယ်ပိုင်လုပ်ငန်း** "တွင်ရပ်တည်နိုင်မှု" **မြင့်** " ဆိုပါကအဆိုပါလုပ်ငန်းတွင်ကိုယ်ပိုင်လုပ်ငန်း တစ်ခု လုပ်ကိုင်ရန် အခွင့်အလမ်း များနေသည် ဝင်ငွေ ကောင်းနေသည်ဟု ဆိုလိုပါသည်။

လေ့လာတွေ့ရှိချက်။ ။ကျောက်ကာကျေးရွာတွင် အဓိကဝင်ငွေရလုပ်ငန်းမှာ စိုက်ပျိုးရေး လုပ်ငန်းနှင့် အစိုးရဝန်ထမ်းလုပ်ငန်းများ ဖြစ်ပြီး မွေးမြူရေးလုပ်ငန်းကိုလည်း တစ်ပိုင်းတစ်နိုင်

မွေးမြူကြပါသည်။ အခြားလုပ်ငန်းများ မှာ လက်သမား၊ပန်းရံလုပ်ငန်း ၊ရောင်ဝယ်ရေးလုပ်ငန်း နှင့် ကြုံရာကျပန်း လုပ်ငန်းများကို လုပ်ကိုင်ကြပါသည်ကို လေ့လာတွေ့ရှိရပါသည်။

**(ခ-၂) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား**

**ဇယား(၃)လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား**

| စဉ် | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၆၀၀၀ | ၅၀၀၀ | ၅၀၀၀ | ၄၀၀၀ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | | | | |
| ၃ | ငါးလုပ်ငန်း (ရေချို/ ရေငန် ငါးဖမ်းခြင်း၊မွေးမြူ ခြင်း) | နေ့စား | | | | |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ် လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | | | | |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | | | | |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | ၇၀၀၀ | ၅၀၀၀ | ၅၀၀၀ | ၄၀၀၀ |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | နေ့စား | | | | |
| ၈ | လက်လီ-လက်ကားရောင်းဝယ်ရေး | နေ့စား | | | | |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်) | နေ့စား | | | | |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း | နေ့စား | | | | |

ရင်းမြစ်**...**ဦးတည်အုပ်စုဆွေးနွေးခြင်း **-** ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လယ်သမားအုပ်စု။

မှတ်ချက်(**၁**)လခစားအလုပ်သမားများ၏တစ်ရက်ဝင်ငွေ **=** (လစာ÷၂၂.၇၅)

(**၂**)နာရီတွက်ဖြင့်ရသောအလုပ်သမားများ၏တစ်ရက်ဝင်ငွေ **=** (တစ်နာရီဝင်ငွေ×၈)

လေ့လာတွေ့ရှိချက်။ ။ကျောက်ကာကျေးရွာတွင်လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများတွင် နေ့စားလုပ်အားခမှာ အမျိုးသားများအတွက်အများဆုံးလုပ်အားခ(၆၀၀ဝိ/-)နှင့် အမျိုးသမီးများ အတွက်လုပ်အားခမှာ(၅၀၀ဝိ/-)နှင့်အနည်းဆုံးခလုပ်အားခမှာအမျိုးသား(၅၀၀ဝိ/-)နှင့် အမျိုးသမီး (၄၀၀ဝိ/-)၊ပန်းရံ၊လက်သမားများ၏ဆရာအဆင့်လုပ်အားခမှာ တစ်နေ့(၇၀၀ဝိ/-)ကျပ် နောက်လိုက်အဆင့်မှာ(၅၀၀၀/-)ရရှိနိုင်ကြသည်။ အမျိုးသမီးများမှာအများဆုံး(၅၀၀ဝိ/-) နှင့် အနည်းဆုံး

(၄၀၀ဝဝ/-) ရရှိကြပါသည်။နေ့တွက်လုပ်အားခငွေများမှာ အမျိုးသားများက ပိုမို ရရှိ ကြသည်။ ဥပမာအားဖြင့် လုပ်အား သဘာဝနှင့် အင်အားစိုက်ထုတ်မှုတူညီသော်လည်း အမျိုးသမီးများသည် အမျိုးသားများထက် လုပ်အားခလျော့နည်းပြီးရကြကြောင်း လေ့လာ တွေ့ရှိရပါသည်။

**(ဂ) သဘာဝရင်းမြစ်များ**

**(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ**

**ဇယား(၄)ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု**

| **မြေအမျိုးအစား** | **ဧရိယာ (ဧက)** | **မြေဆီလွှာအရည်အသွေး**(မှန်ရာ<u>တစ်ခုကိုသာ</u>ရွေးရန်) |
|---|---|---|
| **လယ်မြေ** | | **ကောင်း** ☐ **သင့်**☐ **ညံ့** ☐ |
| **ယာမြေ/တောင်ယာမြေ** | ၄၃၄ | **ကောင်း** ☐ **သင့်**☑ **ညံ့** ☐ |
| **ဥ ယျာဉ်ခြံမြေ** | | **ကောင်း** ☐ **သင့်**☐ **ညံ့** ☐ |
| **ကိုင်း/ကျွန်းမြေ** | | **ကောင်း** ☐ **သင့်**☐ **ညံ့** ☐ |
| **ဓနိတောမြေ** | | **ကောင်း** ☐ **သင့်**☐ **ညံ့** ☐ |
| **စားကျက်မြေ** | | **ကောင်း** ☐ **သင့်**☐ **ညံ့** ☐ |
| **မြေလွတ် မြေလပ်** | | **ကောင်း** ☐ **သင့်**☐ **ညံ့** ☐ |
| **စုစုပေါင်း** | **၄၃၄** | ☒ |

ရင်းမြစ်**…**(၁)အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (**၂**)ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (**၃**)လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊(**၄**)ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှုးရုံး။

မှတ်ချက်။ ။မြေလွတ်မြေလပ်ဆိုသည်မှာယခင်ကသီးစားခံယူလုပ်ကိုင်လာခဲ့ပြီးအကြောင်း အမျိုးမျိုး ကြောင့်စွန့်လွှတ်ထားသည့်သီးစားခံယူ လုပ်ကိုင်သူမရှိသောစိုက်ပျိုးရေး(သို့)မွေးမြူရေး လုပ်ကိုင်နိုင်သည့်မြေနှင့်နိုင်ငံတော်ကသီးသန့်လျာထားသတ်မှတ်သည့်မြေများကိုဆိုသည်။

လေ့လာတွေ့ရှိချက်။ ။ကျောက်ကာကျေးရွာတွင် ယာမြေ စုစုပေါင်း (၄၃၄)ဧက ရှိပါသည်။ ယာမြေများမှာ မိုးရေကိုအဓိကထား၍ စိုက်ပျိုးကြပါသည်။ ချောင်းရေနှင့်ရေတွင်းမှ ရေဖြင့် ကြက်သွန်း စိုက်ပျိုးကြပါသည်။ ပင်လယ်ကမ်း ၊ မြစ်ကမ်းဘေးကျေးရွာ မဟုတ်သောကြောင့် ကိုင်း၊ ကျွန်း၊ ဓနိတော မြေများ မရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

## (၈-၂) ခေတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

**ဇယား (၅) ခေတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ**

| **အမျိုးအစား** | **ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်း တွေ့ရှိနိုင်မှု** (မှန်ရာတစ်ခုကိုသာရွေးရန်) | **အသုံးချနိုင်မှု** (မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|
| သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ **(**ခေတ်ငွေ့၊ ရေနံ၊ကျောက်မျက်စသည်။**)** | များ☐ သင့်☐ နည်း☐မရှိ☑ | လွယ်☐ခက်☐အသုံးမပြုနိုင်ပါ☑ |
| ကျောက်၊သဲ၊ကျောက်စရစ်စသည်များ | များ☐ သင့်☑ နည်း☐ မရှိ☐ | လွယ်☑ခက်☐အသုံးမပြုနိုင်ပါ☐ |
| သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ**)** | များ☐ သင့်☑ နည်း☐ မရှိ☐ | လွယ်☑ခက်☐အသုံးမပြုနိုင်ပါ☐ |
| သဘာဝတိရစ္ဆာန်မျိုးစိတ်များ | များ☐ သင့်☐ နည်း☑ မရှိ☐ | ☒ |

ရင်းမြစ်**…**ဦးတည်အုပ်စုဆွေးနွေးခြင်း **-** ရပ်မိရပ်ဖအုပ်စု၊သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ကျောက်ကာကျေးရွာ အနီးပတ်ဝန်းကျင်တွင် ချောင်းသဲရှိသောကြောင့် အသုံးပြုနိုင်ပါသည်။ကုန်မြေများမှလည်း ကျောက်စရစ်များထွက်ရှိပါသည် နွားစားဆေးဖက်ဝင်အဖြစ် မြေပဲရိုး၊ပြောင်းရိုး၊ရှားစောင်းလပတ်၊ နွယ်ချို၊ ဆင်တုန်းမနွယ်အပင်များ အတော်အသင့်ရှိပါကြောင်း လေ့လာတွေ့ရှိရပါသည်။

**(ဃ)ဥစ္စာဓနအဆင့် အခြေအနေ**

**ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ**

| **အကြောင်းအရာ** | **သတ်မှတ်စံနှုန်း** | | | |
|---|---|---|---|---|
| | **အဆင်ပြေသော အိမ်ထောင်စု** | **အလယ်အလတ် ရှိသော အိမ်ထောင်စု** | **မပြေလည် သော အိမ်ထောင်စု** | **အလွန်မပြေလည် သော အိမ်ထောင်စု** |
| မြေယာပိုင်ဆိုင်မှု | ၁၀ ကေ အထက် | ၇ ကေ အထက် | ၃ ကေ အထက် | - |
| အိမ်အခြေအနေ | (၂)ထပ်တိုက် | (၁)ထပ်တိုက် | သွပ်မိုးထရံကာ | ထန်းရွက်မိုး |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သောပိုင်ဆိုင်မှု | ထွန်စက် /ကား/ နွားလှည်း | သုံးဘီး/ နွားလှည်း | ဆိုင်ကယ် | သံလက်/တူ/လွှ |
| အဓိကစီးပွားရေး လုပ်ငန်း | စိုက်ပျိုးရေး | လက်မှု | လက်လုပ်လက် စား | ကြာပန်း |
| **အိမ်ထောင်စု** | **၂၀** | **၁၁၄** | **၃၈** | **-** |

ရင်းမြစ်...(၁)ကျေးရွာလုံးကျွတ်အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ကျောက်ကာကျေးရွာသည် စိုက်ပျိုးရေးနှင့်အစိုးရဝန်ထမ်း လုပ်ငန်းများဖြင့်အဓိကထားအသက်မွေးကြသောကျေးရွာဖြစ်ပြီးအလယ်အလတ်အဆင်ပြေသော အိမ်ထောင်စု အများဆုံးဖြစ်ပြီးအလွန်မပြေလည်သောအိမ်ထောင်စုမရှိသည်ကိုလေ့လာတွေ့ရှိရပါသည်။

**(င) ထိခိုက်လွယ်မှု**

**(င-၁) ဝမ်းစာ ဖူလုံမှု**

**ဇယား (၇) ဆင်းရဲသောအိမ်ထောင်စုများ၏ ဝမ်းစာဖူလုံမှုအခြေအနေ(ဥစ္စာ ဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)**

| **အချိန်ကာလ** | **အိမ်ထောင်စု အရေအတွက်** | **ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက် အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်)** |
|---|---|---|
| ၃လအောက်ဝမ်း စာဖူလုံမှု | | အခြားအစာပြောင်းလဲစား = ---------------<br>အစာလျှော့စား = ---------------<br>အထောက်အပံ့ယူ = ---------------<br>ချေးယူ = ---------------<br>လုပ်အားခကြိုယူ = --------------- |
| ၃လနှင့်၆လကြား | | အခြားအစာပြောင်းလဲစား = --------------- |

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက် အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်) |
|---|---|---|
| ဝမ်းစာဖူလုံမှု | | အစာလျှော့စား = ----------------<br>အထောက်အပံ့ယူ = ----------------<br>ချေးယူ = ----------------<br>လုပ်အားခကြိုယူ = ---------------- |
| ဖလမှ၁၂လအထိ ဝမ်းစာဖူလုံမှု | | အခြားအစာပြောင်းလဲစား = ----------------<br>အစာလျှော့စား = ----------------<br>အထောက်အပံ့ယူ = ----------------<br>ချေးယူ = ----------------<br>လုပ်အားခကြိုယူ = ---------------- |

ရင်းမြစ်..ဥစ္စာဓနအဆင့် “၃” နှင့် “၄” အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအား စစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။ မရှိပါ -

## (င-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

**ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ**

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အိုဖ၄နှစ် နှင့်အထက် | | | |
| မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသောမသန်စွမ်းသည့် ပုဂ္ဂိုလ် | | | |
| | **အိမ်ထောင်စုအရေအတွက်** | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင် အိမ်ထောင်စု | | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့်မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု | | | |
| အခြားဒေသသို့ကြာမြင့်စွာသွားရောက်နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့်အိမ်ထောင်စု | | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကျောက်ကာကျေးရွာတွင်မိသားစုစောင့်ရှောက်မှုမရှိသော ၆၄ နှစ်အထက် သက်ကြီးရွယ်အိုး ၊မသန်းစွမ်းသည့် ပုဂ္ဂိုလ်နှင့် ဆင်းရဲ၍ မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင်အိမ်ထောင်စု မရှိသည် ကိုလေ့လာတွေ့ရှိရပါသည်။

## (င-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

**ဇယား (၉) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ**

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှု(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|
| ၁ | စားနပ်ရိက္ခာမဖူလုံမှု | မြင့် ☐ လတ်☐ နိမ့်☐ မရှိ ☑ |
| ၂ | သဘာဝရင်းမြစ်ရှားပါးမှု (မြေ၊စိုက်ပျိုးရေ) | မြင့် ☐ လတ်☐ နိမ့်☑ မရှိ ☐ |
| ၃ | ရေကြီးခြင်း | မြင့် ☐ လတ်☐ နိမ့်☐ မရှိ ☑ |
| ၄ | မိုးခေါင်ခြင်း | မြင့် ☐ လတ်☐ နိမ့်☑ မရှိ ☐ |
| ၅ | အအေးလွန်ကဲခြင်း | မြင့် ☐ လတ်☐ နိမ့်☑ မရှိ ☐ |
| ၆ | မုန်တိုင်း | မြင့် ☐ လတ်☐ နိမ့်☐ မရှိ ☑ |
| ၇ | လျှော်ငလျင် | မြင့် ☐ လတ်☐ နိမ့်☐ မရှိ ☑ |
| ၈ | မီးဘေး | မြင့် ☐ လတ်☐ နိမ့်☐ မရှိ ☑ |
| ၉ | ဆားငန်ရေဝင်မြေ | မြင့် ☐ လတ်☐ နိမ့်☐ မရှိ ☑ |
| ၁၀ | မြေပြိုခြင်း၊မြေဆီလွှာပျက်ယွင်းမှု | မြင့် ☐ လတ်☐ နိမ့်☐ မရှိ ☑ |
| ၁၁ | သစ်တောပြုန်းတီးခြင်း | မြင့် ☐ လတ်☐ နိမ့်☐ မရှိ ☑ |
| ၁၂ | ငှက်ဖျားရောဂါ | မြင့် ☐ လတ်☐ နိမ့်☐ မရှိ ☑ |
| ၁၃ | တီဘီရောဂါ | မြင့် ☐ လတ်☐ နိမ့်☐ မရှိ ☐ |
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | မြင့် ☐ လတ်☐ နိမ့်☐ မရှိ ☑ |
| ၁၅ | ပြည်တွင်းပဋိပက္ခ | မြင့် ☐ လတ်☐ နိမ့်☐ မရှိ ☑ |
| ၁၆ | တိရစ္ဆာန်ကူးစက်ရောဂါကျရောက်မှု | မြင့် ☐ လတ်☐ နိမ့်☑ မရှိ ☐ |
| ၁၇ | လူကုန်ကူးခြင်း | မြင့် ☐ လတ်☐ နိမ့်☐ မရှိ ☑ |
| ၁၈ | ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ရေးခက်ခဲစသည် | မြင့် ☐ လတ်☐ နိမ့်☐ မရှိ ☑ |

ရင်းမြစ်…ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကျောက်ကာကျေးရွာတွင်စားနပ်ရိက္ခာဖူလုံမှုရှိပါသည်။ကျေးရွာ၏ အနီး ပတ်ဝန်းကျင်တွင် ပင်လယ်နှင့် မြစ်များ မရှိသဖြင့်ရေကြီးခြင်း၊ဆားငံရေဝင်ရောက်ခြင်း၊ မြေပြိုခြင်း၊ မြေဆီလွှာပျက်ယွင်းမှုနှင့် မီးဘေးအန္တရာယ်ကျရောက်မှုများမရှိပါ။မု န်တိုင်းတိုက်ခတ်မှု မရှိဘဲ တခြားဒေသများသို့ မုန်တိုင်းတိုက်ခတ်ပါကမုန်တိုင်း၏အရှိန်ကြောင့်မိုးရွာသွန်းခြင်း၊ လေပြင်းတိုက်ခတ် ခြင်းများရှိပါသည်။ငှက်ဖျားရောဂါ၊ကိုယ်ခံအားကျဆင်းမှုရောဂါများ မရှိကြောင်း လေ့လာတွေ့ရှိ ရပါသည်။

## (င-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

**ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ**

| စဉ် | ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ | ထိခိုက်လွယ်မှု(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|
| ၁ | လူငယ် | မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐ |
| ၂ | အမျိုးသမီးဦးဆောင်သည့်ဆင်းရဲသည့် အိမ်ထောင်စု | မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐ |
| ၃ | ဆင်းရဲသားတောင်သူ | မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐ |
| ၄ | သဘာဝဘေးဒဏ်ဆိုးရွားစွာကျရောက်နိုင်သောအိမ်ထောင်စု/ ကူးစက်ရောဂါထူပြောသောဒေသတွင် နေထိုင်သူ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑ |
| ၅ | **ပင်လယ်**/မြစ်ကမ်းဘေးနေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၆ | မတော်တဆမှုဖြစ်နိုင်ခြေများသောနေရာ (Prone to accident) တွင်နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၇ | ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP) | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၈ | မြေနိမ့်ပိုင်းနေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၉ | ငါးကန်ပိုင်ရှင်များ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၁၀ | လက်လုပ်လက်စားများ၊ကျပန်းများ | မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐ |
| ၁၁ | လူနည်းစုလူမျိုးများ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၁၂ | ဒေသတွင်းပဋိပက္ခဇရိယာတွင်နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၁၃ | နယ်စပ်ဒေသတွင်နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၁၄ | ရွှေတွင်းလုပ်သားများ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| **၁၅** | လှည့်လည်သွားလာ၍ဈေးရောင်းသူများ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| **၁၆** | နေရပ်ပြန်အခြေချသူများ | မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐ |
| **၁၇** | ရွှေ့ပြောင်းလုပ်သားများ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၁၈ | ကားမောင်းပြီးအသက်မွေးသူများ | မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐ |

ရင်းမြစ်**…**ဦးတည်အုပ်စုဆွေးနွေးခြင်း **-** ရပ်မိရပ်ဖအုပ်စု။

မှတ်ချက်။ ။ထိခိုက်နိုင်မှု အန္တရာယ် နိမ့်၊လတ်၊မြင့် သတ်မှတ်ရာတွင် ပထမဦးစွာ မိမိကျေးရွာတွင် ထိခိုက်မှုခံရနိုင်သည့်သူများ သတ်မှတ်ပါ။ ထို့နောက် ၄င်းပုဂ္ဂိုလ်များအလိုက် ထိခိုက်နိုင်သည့် အန္တရာယ်အမျိုးအစားဖော်ပြ၍ နိမ့်၊လတ်၊မြင့် သတ်မှတ်ရန်ဖြစ်သည်။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာရှိ လူငယ်အများစုသည် ငယ်ရွယ်သူများဖြစ်ခြင်း၊အမှားအမှန် ကောင်းစွာမခွဲခြားနိုင်ခြင်း၊စိတ်လိုက်မာန်ပါလုပ်တက်ခြင်း ဗီဇများကြောင့် ထိခိုက်လွယ်မှုမြင့်မား သူများဖြစ်ပါသည်။ အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စုများသည်လည်း ထိခိုက်လွယ်မှု

အမြင့်ဆုံးဖြစ်သည်။ လက်လုပ်လက်စားများ၊ ကျပန်းလုပ်ငန်းလုပ်ကိုင်သည့် အိမ်ထောင်စုများသည်လည်း ဆင်းရဲပြီး ထိခိုက်လွယ်သော အိမ်ထောင်စုများဖြစ်ကြပါသည်။သို့သော်လည်း ကျေးရွာတွင် ဆိုးရွားစွာ ထိခိုက်သက်ရောက်မှုမရှိပါကြောင်း လေ့လာတွေ့ရှိရပါသည်။

## (၂) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ

### (က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများအခြေအနေ

### (က-၁) ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

**ဇယား (၁၁) ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ**

| စဉ် | အဖွဲ့အစည်းအမည် | အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက်ရွေးနိုင်သည်။) | စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | |
| ၁ | ဝတ်အသင်း | ၁☐ ၂☑ ၃☐ | - | ၃၀ | ၃၀ | ပညာရေး ☐ ငွေကြေး☐<br>ကျန်းမာရေး☐ ဘာသာရေး ☑<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑<br>လုံခြုံရေးနှင့်ကာကွယ်ရေး ☐ | ကောင်း ☐<br>သင့် ☑<br>ညံ့ ☐ |
| ၂ | ပရဟိတ | ၁☐ ၂☑ ၃☐ | ၂၅ | ၅ | ၃၀ | ပညာရေး ☐ ငွေကြေး☐<br>ကျန်းမာရေး☐ ဘာသာရေး ☑<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑<br>လုံခြုံရေးနှင့်ကာကွယ်ရေး ☑ | ကောင်း ☐<br>သင့် ☑<br>ညံ့ ☐ |

ရင်းမြစ် . . . . . ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊ အမျိုးသမီးအုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင်လူထုအခြေပြုအဖွဲ့အစည်း(၂)ဖွဲ့ရှိပါသည်။လူငယ်အဖွဲ့မှာ ဘာသာရေး၊သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး၊ကျေးရွာအတွက်လုံခြုံရေးနှင့်ကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျှက်ရှိပြီး လှုပ်ရှားဆောင်ရွက်မှု အသင့်အတင့်ကောင်းပါသည်။အမျိုးသမီးအဖွဲ့မှာ ဘာသာရေး၊ သာရေးနာရေး၊ လူမှု ဖွံ့ဖြိုးရေး၊ကျေးရွာအတွက်လှုပ်ရှားမှု အသင့်အတင့်ကောင်းပါသည်။ကျေးရွာရှိအဆိုပါအဖွဲ့အစည်းများမှာ တစ်ဖွဲ့နှင့်တစ်ဖွဲ့အကြားချိတ်ဆက်မှု၊ အဖွဲ့အစည်း ဆိုင်ရာသဘောတရားတို့နှင့်ပတ်သက်၍အားနည်း ကြသည်ကိုလေ့လာတွေ့ရှိရပါသည်။

**(က-၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ**

**ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ**

| စဉ် | အမည် | အဖွဲ့အစည်းအမျိုးအစား (မှန်ရာတစ်ခုကိုသာရွေးရန်) | အဖွဲ့အစည်း၏လုပ်ငန်းတာဝန်များနှင့်အစီအစဉ် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်) |
|---|---|---|---|
| ၁ | ပက်မြန်မာ | ၁☐၂☑၃☐၄☐၅☐၆☐၇☐ | ပညာရေး ☐ ငွေကြေး☑ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐ |
| ၂ | စထာပန | ၁☐၂☑၃☐၄☐၅☐၆☐၇☐ | ပညာရေး ☐ ငွေကြေး☑ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐ |

ရင်းမြစ်**…**ဦးတည်အုပ်စုဆွေးနွေးခြင်း **-** ရပ်မိရပ်ဖအုပ်စု။

မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ) (ဥပမာ – ဓမ္မစကူးလ်ဖောင်ဒေးရှင်း၊ Christian Aid Missionsစသည်)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ –Care International, Save the Children, Gret, Pact Myanmarစသည်)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) နိုင်ငံအများ၏ ရန်ပုံငွေဖြင့်ဆောင်ရွက်သော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ-ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) နိုင်ငံတစ်ခု၏ ရန်ပုံငွေဖြင့် ဖွဲ့စည်းထားသော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ GIZ, UKAid, USAid,စသည်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ နိုင်ငံတော်မှဒေသအကျိုး၊ ပြည်သူ့အကျိုးကိုထိရောက်စွာထမ်းဆောင်နိုင်စေရန်အလို့ငှာ ဥပဒေ၊နည်းဥပဒေ၊လမ်းညွှန်ချက်များဖြင့်ပြဌာန်းကာဖွဲ့စည်းပေးထားနေသော အဖွဲ့အစည်း၊ အသင်းအဖွဲ့များ (ဥပမာ - သမဝါယမဦးစီးဌာန၏ သမဝါယမအသင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏မြစိမ်းရောင်စသည်)တို့ကိုဤဇယားတွင်ထည့်သွင်းဖော်ပြခြင်းမပြုပါရန်။

လေ့လာတွေ့ရှိချက်။ ။ကျောက်ကာကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်း(၂)ဖွဲ့ရှိပါသည်။အဖွဲ့အစည်းမှာ ပက်မြန်မနှင့်စထာပန အဖွဲ့အစည်းဖြစ်ပြီး ၄င်းအဖွဲ့မှ ကျေးရွာ သို့ငွေကြေးချေးပေးသည့်အဖွဲ့ဖြစ်ပါသည်။

## (ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

### (ခ-၁) သီးနှံထုတ်လုပ်ရေး

### (၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

**ဇယား (၁၃) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု**

| စဉ် | မြေပိုင်ဆိုင်မှုအရွယ်အစား | အိမ်ထောင်စု အရေအတွက် | ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက် |
|---|---|---|---|
| ၁ | မြေယာမဲ့ | ၅၁ | မြေမဲ့ယာမဲ့ |
| ၂ | ၂.၅ကေအောက် | | ဆင်းရဲသားတောင်သူ |
| ၃ | ၂.၅ကေမှ၅ကေကြား | ၃၄ | တောင်သူငယ် |
| ၄ | ၅ကေမှ၁၂.၅ကေကြား | ၆၇ | တောင်သူလတ် |
| ၅ | ၁၂.၅ကေအထက် | ၂၀ | တောင်သူကြီး |
| **ကျေးရွာရှိအိမ်ထောင်စုစုပေါင်း** | | **၁၇၂** | ☒ |

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ကျောက်ကာကျေးရွာတွင်စိုက်ပျိုးရေးလုပ်ငန်းနှင့် အစိုးရဝန်ထမ်းလုပ်ငန်းများတွင်လုပ်ကိုင်ကြသည်ကို လေ့လာတွေ့ရှိရပါသည်။

### (၂) အစိုးရနှင့် ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့် ဧရိယာ

**ဇယား (၁၄) ကျေးရွာ၏ရေအရင်းအမြစ်နှင့်ရေသွင်းဧရိယာ**

| စဉ် | အရင်းအမြစ် | ရေသောက် (ဧက) | ရေရရှိနိုင်မှု | |
|---|---|---|---|---|
| | | | တစ်နှစ်ပတ်လုံး/ ရာသီအလိုက် (မှန်ရာတစ်ခုကိုသာရွေးရန်) | လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာရွေးရန်) |
| ၁ | ဆည် | | တစ်နှစ်ပတ်လုံး ☐<br>ရာသီအလိုက် ☐ | ရှိ☐ မရှိ☐ |
| ၂ | ရေလွှဲဆည် | | တစ်နှစ်ပတ်လုံး ☐<br>ရာသီအလိုက် ☐ | ရှိ☐ မရှိ☐ |
| ၃ | မြစ်ရေတင် စီမံကိန်း | | တစ်နှစ်ပတ်လုံး ☐<br>ရာသီအလိုက် ☐ | ရှိ☐ မရှိ☐ |
| ၄ | ရေသွင်း မြောင်း | | တစ်နှစ်ပတ်လုံး ☐<br>ရာသီအလိုက် ☐ | ရှိ☐ မရှိ☐ |

| စဉ် | အရင်းအမြစ် | ရေသောက်(ဧက) | ရေရရှိနိုင်မှု | |
|---|---|---|---|---|
| | | | **တစ်နှစ်ပတ်လုံး/ ရာသီအလိုက်**<br>(မှန်ရာ<u>တစ်ခုကိုသာ</u>ရွေးရန်) | **လုံလောက်မှု (ရှိ/မရှိ)**<br>(မှန်ရာ<u>တစ်ခုကိုသာ</u>ရွေးရန်) |
| ၅ | အဝီစိတွင်း | ၅ | တစ်နှစ်ပတ်လုံး ☐<br>ရာသီအလိုက် ☑ | ရှိ☑ မရှိ☐ |
| ၆ | လက်ငင်ရေတွင်း | | တစ်နှစ်ပတ်လုံး ☐<br>ရာသီအလိုက် ☐ | ရှိ☐ မရှိ☐ |
| ၇ | စိမ့်စမ်းရေ | | တစ်နှစ်ပတ်လုံး ☐<br>ရာသီအလိုက် ☐ | ရှိ☐ မရှိ☐ |
| ၈ | ချောင်းရေ | ၂၅ | တစ်နှစ်ပတ်လုံး ☐<br>ရာသီအလိုက် ☑ | ရှိ☑ မရှိ☐ |

ရင်းမြစ်**...**(**၁**)ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊(**၂**)ဆည်မြောင်းဦးစီးဌာန၊စိုက်ပျိုးရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ကျောက်ကာကျေးရွာရှိတောင်သူများသည် စိုက်ပျိုးရေးအတွက် မိုးရွာသွန်းမှု အပေါ်မှီခို၍ စိုက်ပျိုးကြပါသည်။ဆောင်ရာသီတွင် ချောင်းရေနှင့်ရေတွင်းမှ ရေဖြင့် ကြက်သွန်စိုက်ပျိုးကြသည်ကိုလေ့လာတွေ့ရှိရပါသည်။

### (၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

**ဇယား** (၁၅) **အဓိကသီးနှံများနှင့်အထွက်နှုန်း**

| **သီးနှံ** | **စုစုပေါင်းစိုက်ဧက** | **တစ်ဧကအထွက်နှုန်း** | | | | **သီးနှံစိုက်ပျိုးသည့် ကာလ** | | **သွင်းအားစုလိုအပ်ချက်**<br>(မှန်ရာ<u>တစ်ခုကိုသာ</u>ရွေးရန်) | **အမြတ်ရရှိနိုင်မှု**(မှန်ရာ<u>တစ်ခုကိုသာ</u>ရွေးရန်) |
|---|---|---|---|---|---|---|---|---|---|
| | | **ယူနစ်** | **အနည်းဆုံး** | **အများဆုံး** | **ပျမ်းမျှ** | **မှ** | **ထိ** | | |
| **မြေပဲ** | ၂၁၀ | တင်း | ၅ | ၃၀ | ၁၇.၅ | ဝါဆို | နတ်တော် | မြင့်☐လတ်☑နိမ့်☐ | မြင့်☐လတ်☑နိမ့်☐ |
| **နှမ်း** | ၂၀၀ | တင်း | ၁ | ၃ | ၂ | ကဆုန် | ဝါဆို | မြင့်☐လတ်☑နိမ့်☐ | မြင့်☐လတ်☑နိမ့်☐ |
| **ကြက်သွန်း** | ၂၅ | ပိဿာ | ၄ | ၅ | ၄.၅ | **နတ်တော်** | တန်ခူး | မြင့်☐လတ်☑နိမ့်☐ | မြင့်☐လတ်☑နိမ့်☐ |
| **ပြောင်း** | ၃၀ | တင်း | ၁ | ၅ | ၃ | နတ်တော် | တော်သလင်း | မြင့်☐လတ်☑နိမ့်☐ | မြင့်☐လတ်☑နိမ့်☐ |
| | | | | | | | | မြင့်☐လတ်☐နိမ့်☐ | မြင့်☐လတ်☐နိမ့်☐ |

ရင်းမြစ်**...**ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာရှိ ယာမြေများတွင် မြေပဲ၊နှမ်း၊ပြောင်း၊ကြက်သွန် များကို အဓိကထားစိုက်ပျိုးကြပါသည်။ စိုက်ပျိုးမြေကေမှာနှမ်းအပြီးမြေပဲကို သီးထပ်အဖြစ် စိုက်ပျိုးကြသည်။ ပြောင်းကိုနွားစာအတွက်သာ စိုက်ပျိုးကြသည်။သီးနှံများစိုက်ပျိုးရာတွင် မိုးရွာသွန်းမှု အပေါ် မှီခိုအားထား၍ စိုက်ပျိုးကြပြီးကြက်သွန်အား ချောင်းရေနှင့်တွင်ရေမှ ရေဖြင့်စိုက်ပျိုးကြကြောင်း လေ့လာတွေ့ရှိရပါသည်။

**(၄) လယ်ယာသုံး စက်ကိရိယာများ**

**ဇယား (၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု**

| စက်အမျိုးအစား | တစ်ဦးချင်းပိုင် | ရွာပိုင် | အဖွဲ့ပိုင် | ငှားရမ်းလုပ်ကိုင်နေသော တောင်သူအရေအတွက် |
|---|---|---|---|---|
| ထွန်စက် | | | | |
| လက်တွန်းထွန်စက် | | | | |
| အစေ့ချကိရိယာ | | | | |
| ရိတ်သိမ်းခြွေလှေ့စက် | | | | |
| ရိတ်သိမ်းစက် | | | | |
| ခြွေလှေ့စက် | | - | - | |
| ရေစုပ်စက် | ၃၀ | - | - | |
| ခြေနင်းရေတင်စက် | | | | |
| မြက်ရိတ်စက် | | | | |

ရင်းမြစ်...(၁)အိမ်ထောင်စုစာရင်းကောက်ယူမှု၊(၂)ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကျောက်ကာကျေးရွာတွင် ရေစုပ်စက်(၃၀)ခုရှိပါသည်။ လယ်ယာနှင့် တောင်သူ လုပ်ကိုင်သူများသည် နွားလှည်းဖြင့်သာထွန်ယက်စိုက်ပျိုးကြပါသည်။ ထွန်စက်ကို ငှားသုံးရာတွင် တစ်ဧကကို (၁၅၀၀၀)ကျပ်ဖြစ်ပါသည်။ တစ်နာရီထွန်ယက်ခ မှာ(၁၆၀၀၀) ကျပ်ဖြစ်ပါသည်။

**(၅) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ**

**ဇယား (၁၇) သီးနှံအထွက်နှုန်းတိုးစေရန်အတွက်အခွင့်အလမ်းများ**

| အခွင့်အလမ်း | ဖော်ပြချက်/ရှင်းလင်းချက်<br>(မှန်ရာတစ်ခုကိုသာရွေးရန်။<br>ဇယား၁၇နှင့်၁၈ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။) |
|---|---|
| သဘာဝရေမြေရာသီဥတုအနေအထား | အလွန်ကောင်း☐ ကောင်း☐ သင့်တင့်မျှတ☑ |
| လယ်ယာမြေအသုံးချနိုင်မှု | အလွန်ကောင်း☐ ကောင်း☑ သင့်တင့်မျှတ☐ |
| စိုက်ပျိုးရေအရင်းအမြစ် | ပေါများ☐ အသင့်အတင့်ရှိ☑ |
| ဈေးငွေနှင့်ငွေကြေးဝန်ဆောင်မှု | အလွယ်တကူရသည်☐ ရသည်☑ |
| သီးနှံမျိုးစေ့ရရှိနိုင်မှု | မျိုးကောင်းမျိုးသန့်များကိုလွယ်ကူစွာဝယ်ယူနိုင်သည်☐<br>သီးနှံမျိုးစေ့များဝယ်ယူရရှိနိုင်သည်☑ |

| အခွင့်အလမ်း | ဖော်ပြချက်/ရှင်းလင်းချက်<br>(မှန်ရာတစ်ခုကိုသာရွေးရန်။<br>ဇယား၁၇နှင့်၁၈ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။) |
|---|---|
| သဘာဝမြေဆွေး / အော်ဂဲနစ်မြေသြဇာနှင့်အခြားအော်ဂဲနစ်သွင်းအားစုများ | လွယ်ကူစွာဝယ်ယူ/ရနိုင်သည်☐ ဝယ်ယူရနိုင်သည်☐ |
| ဓာတုပိုးသတ်ဆေး၊ဓာတ်မြေသြဇာနှင့်အခြားဓာတုဗေဒသွင်းအားစုများ | လွယ်ကူစွာဝယ်ယူ/ရနိုင်သည်☐ ဝယ်ယူရနိုင်သည်☑ |
| လုပ်သားရရှိနိုင်မှု | အလွယ်တကူရနိုင်သည်☐ ရနိုင်သည်☑ |
| နည်းပညာဝန်ဆောင်မှုများ | အလွယ်တကူရနိုင်သည်☐ ရနိုင်သည်☑ |
| သီးနှံဈေးကွက်နှင့်ကုန်သွယ်မှု | သီးနှံများကိုလွယ်ကူစွာနှင့်ဈေးနှုန်းမှန်ကန်စွာဖြင့်ရောင်းချနိုင်သည်☐ သီးနှံများကိုရောင်းချနိုင်သည်☑ |

ရင်းမြစ်...(၁)ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊(၂)သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီးဌာနများ။

လေ့လာတွေ့ရှိချက်။ ။ကျောက်ကာကျေးရွာတွင် သီနှံစိုက်ပျိုးရာတွင် သဘာဝရေမြေရာသီဥတု ကို မှီခို၍စိုက်ပျိုးကြပြီး တစ်ခါတစ်ရံတွင် မိုးရွာသွန်းမှု မညီမျှမှုနှင့် ရင်ဆိုင်ရပါသည်။ သီးနှံစိုက်ပျိုးရန်အတွက် ချေးငွေများကို ပက်မြန်မာတို့မှရရှိပါသည်။ မျိုးကောင်း မျိုးသန့်များ ဝယ်ယူရရှိနိုင်ပြီး လုပ်သားရရှိသော်လည်းရှားပါးပါသည်။ မျိုးကောင်းမျိုးသန့်နှင့် သဘာဝမြေဆွေး ထုတ်လုပ်မှုလွယ်ကူရန် ဆောင်ရွက်ပေးစေလိုပါသည်။

## (၆) သီးနှံထုတ်လုပ်မှုအတွက်ပြဿနာနှင့်အခက်အခဲများ

**ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက်ပြဿနာနှင့်အခက်အခဲများ**

| ပြဿနာနှင့်အခက်အခဲများ | ဖော်ပြချက်/ရှင်းလင်းချက်<br>(အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။<br>ဇယား၁၇နှင့်၁၈ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။) |
|---|---|
| သဘာဝရေမြေရာသီဥတုအနေအထား | မြေဆီသြဇာမကောင်း ☐ ရာသီဥတုမမှန် ☑ |
| လယ်ယာမြေအသုံးချနိုင်မှု | လယ်ယာမြေတိုးချဲ့နိုင်မှုမရှိပါ ☑<br>လယ်ယာမြေဆုံးရှုံးမှုများသည် ☐<br>လယ်ယာမြေဆုံးရှုံးမှုအသင့်အတင့်ရှိသည် ☐<br>ပလပ်မြေများရှိသည် ☐<br>ပလပ်မြေအသင့်အတင့်ရှိသည် ☐ |
| စိုက်ပျိုးရေအရင်းအမြစ် | အလွယ်တကူမရနိုင်☑ လုံးဝမရ☐ |

| ပြဿနာနှင့်အခက်အခဲများ | ဖော်ပြချက်/ရှင်းလင်းချက်<br>(အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။<br>ဇယား၁၇နှင့်၁၈ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။) |
|---|---|
| ချေးငွေနှင့်ငွေကြေးဝန်ဆောင်မှု | အလွယ်တကူမရနိုင်☑ လုံးဝမရ☐ |
| သီးနှံမျိုးစေ့ရရှိနိုင်မှု | အလွယ်တကူမရနိုင်☑ လုံးဝမရ☐ |
| သဘာဝမြေဆွေး / အော်ဂဲနစ်မြေဩဇာနှင့်အခြား အော်ဂဲနစ်သွင်းအားစုများ | အလွယ်တကူမရ☑ လုံးဝမရ☐ |
| ဓာတုပိုးသတ်ဆေး၊ဓာတ်မြေဩဇာ နှင့်အခြားဓာတုဗေဒသွင်းအားစုများ | အလွယ်တကူမရနိုင်☑ လုံးဝမရ☐ |
| လုပ်သားရရှိနိုင်မှု | အလွယ်တကူမရနိုင်☑ လုံးဝမရ☐ |
| နည်းပညာဝန်ဆောင်မှုများ | အလွယ်တကူမရနိုင်☑ လုံးဝမရ☐ |
| သီးနှံဈေးကွက်နှင့်ကုန်သွယ်မှု | သီးနှံများကိုလွယ်ကူစွာနှင့်ဈေးနှုန်းမှန်ကန်စွာဖြင့် မရောင်းချနိုင်ပါ☑<br>သီးနှံများကိုရောင်းချရန်ဈေးကွက်မရှိပါ☐ |
| ဖျက်ပိုးနှင့်ရောဂါကျရောက်မှု | ဆိုးရွားစွာကျ☐ အသင့်အတင့်ကျ☑ အနည်းငယ်☐<br>**မဖြေဆိုပါ** ☐ |

ရင်းမြစ်(၁)ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊(၂)သက်ဆိုင်ရာမြို့နယ်အစိုးရ ဦးစီးဌာနများ။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာရှိ တောင်သူအများစုသည် သီးနှံစိုက်ပျိုးရန်အတွက် သဘာဝရေမြေရာသီဥတုကိုမှီခို၍ စိုက်ပျိုးကြပြီး တစ်ခါတစ်ရံတွင် မိုးရွာသွန်းမှု မညီမျှမှုနှင့် ရင်ဆိုင်ရသည်။ကျေးရွာရှိယာမြေများမှာ မြေဆီလွှာအသင့်အတင့်ကောင်းမွန်ပါသည်။ ချေးငွေ၊သီးနှံမျိုးစေ့များမှာ ဝန်ဆောင်မှုရရှိသော်လည်း အနည်းငယ်အခက်အခဲများရှိပါသည်ကိုလေ့လာတွေ့ရှိရပါသည်။

### (ခ-၂) မွေးမြူရေးလုပ်ငန်း

### (၁) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေ

**ဇယား (၁၉) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ**

| မွေးမြူရေးနှင့်ငါးလုပ်ငန်း | မွေးမြူရေးနှင့်ငါးလုပ်ငန်းလုပ်ကိုင်နေသောအိမ်ထောင်စု | ကောင်ရေ |
|---|---|---|
| **မွေးမြူရေး** | | |
| နွား | ၃၃ | ၁၃၈ |
| နို့စားနွား | | |
| ကျွဲ | | |

| မွေးမြူရေးနှင့်ငါးလုပ်ငန်း | မွေးမြူရေးနှင့်ငါးလုပ်ငန်းလုပ်ကိုင်နေသောအိမ်ထောင်စု | ကောင်ရေ |
|---|---|---|
| မြင်း | ၁ | ၁ |
| မြည်း | | |
| လား | | |
| ဆိတ် | ၁ | ၃၀ |
| သိုး | | |
| ဝက် | ၂ | ၆ |
| ကြက် | ၁၁ | ၇၄ |
| ဘဲ | ၁ | ၂ |
| နွားနောက် | | |
| **ငါးလုပ်ငန်း** | | |
| ငါးကန် | | |
| ပုဇွန်ကန် | | |
| ဂဏန်းမွေးမြူရေးလုပ်ငန်း | | |
| ရေချိုငါးဖမ်းလုပ်ငန်း | | |
| ကမ်းလွန်ငါးဖမ်းလုပ်ငန်း | | |

ရင်းမြစ်...(၁)အိမ်ထောင်စုစာရင်းကောက်ယူမှု၊(၂)ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု။ လေ့လာတွေ့ရှိချက်။ ။ကျောက်ကာကျေးရွာတွင် မွေးမြူရေးကဏ္ဍအနေဖြင့် လယ်ယာလုပ်ငန်းတွင် အသုံးပြုရန်အတွက် နွားကိုအဓိကထားမွေးမြူကြသည်။တစ်ပိုင်တစ်နိုင်မွေးမြူရေးအဖြစ်ကြက်၊ဝက်၊ဆိတ်၊ဘဲများကို မွေးမြူကြပါသည်။မွေးမြူရေးသီးသန့်မရှိပါ။စီးပွားဖြစ်မွေးမြူနိုင်ပါကစီးပွားရေးပိုမိုအဆင် ပြေလာနိုင်သည်ကိုလေ့လာတွေ့ရှိရပါသည်။

## (၂) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု အခွင့်အလမ်းများ

**ဇယား(၂၀)မွေးမြူရေးနှင့်သားငါးထုတ်လုပ်မှုတိုးတက်စေရန်အတွက်အခွင့်အလမ်းများ**

| အခွင့်အလမ်း | **ဖော်ပြချက်/ ရှင်းလင်းချက်**(မှန်ရာတစ်ခုကိုသာရွေးရန်။ ဇယား၂၀နှင့်၂၁ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။) |
|---|---|
| **မွေးမြူရေး** | |
| စားကျက်မြေ | ပေါများ ☐ အသင့်အတင့်☑ |
| ရေရရှိမှု | အလုံအလောက်ရနိုင်☑ အသင့်အတင့်ရနိုင်☐ |
| မျိုးတိရစ္ဆာန်လက်လှမ်းမီမှု | မျိုးကောင်းတိရစ္ဆာန်များလွယ်ကူစွာဝယ်ယူရနိုင် ☐<br>မျိုးကောင်းတိရစ္ဆာန်များအသင့်အတင့်ဝယ်ယူရနိုင် ☑ |

| **အခွင့်အလမ်း** | **ဖော်ပြချက်/ ရှင်းလင်းချက်** (<u>မှန်ရာတစ်ခုကိုသာ</u>ရွေးရန်။ ဇယား၂၀နှင့်၂၁ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။) |
|---|---|
| ချေးငွေ | ချေးငွေလွယ်ကူစွာရနိုင်☐ ချေးငွေအသင့်အတင့်ရနိုင်☑ |
| သွင်းအားစု(မွေးမြူရေးအစာ၊ ဆေးစသည်)ဈေးကွက် | သွင်းအားစုများလွယ်ကူစွာဝယ်ယူနိုင်သည်☐<br>သွင်းအားစုများဝယ်ယူနိုင်သည်။ ☑ |
| ဝန်ဆောင်မှုနှင့်နည်းပညာပံ့ပိုးမှု | နည်းပညာဝန်ဆောင်မှုများအလွယ်တကူရနိုင်သည်။☐<br>နည်းပညာဝန်ဆောင်မှုများရနိုင်သည်။ ☑ |
| ထုတ်ကုန်ရောင်းဝယ်မှု | ထုတ်ကုန်များကိုလွယ်ကူစွာနှင့်ဈေးနှုန်းမှန်ကန်စွာဖြင့်ရောင်းချနိုင်သည် ☐<br>ထုတ်ကုန်များကိုရောင်းချနိုင်သည် ☑ |
| အိမ်ခြံဝင်းအတွင်းမြေနေရာလုံလောက်မှု | အလုံအလောက်ရှိသည်☐ အသင့်အတင့်ရှိသည်☑ |
| **ငါးလုပ်ငန်း** | |
| ငါး/ပုဇွန်မွေးမြူရန်ရေမြေအနေအထား | အလွန်ကောင်း☐ ကောင်း☐ သင့်တင့်မျှတ☐ |
| ငါး/ပုဇွန်သားပေါက်လက်လှမ်းမီမှု | လိုသလောက်လွယ်ကူစွာဝယ်ယူရရှိနိုင်သည်☐<br>ဝယ်ယူရနိုင်သည်☐ |
| ချေးငွေ | လိုသလောက်လွယ်ကူစွာချေးငွေရရှိနိုင်သည်☐<br>ချေးငွေရနိုင်သည်☐ |
| သွင်းအားစုလက်လှမ်းမီမှု | သွင်းအားစုများလွယ်ကူစွာဝယ်ယူနိုင်သည်☐<br>သွင်းအားစုများဝယ်ယူနိုင်သည်☐ |
| နည်းပညာအကူအညီနှင့်နည်းလမ်းများ | နည်းပညာဝန်ဆောင်မှုများအလွယ်တကူရနိုင်သည်။☐<br>နည်းပညာဝန်ဆောင်မှုများရနိုင်သည်။☐ |
| ထုတ်ကုန်ရောင်းဝယ်မှု | ထုတ်ကုန်များကိုလွယ်ကူစွာနှင့်ဈေးနှုန်းမှန်ကန်စွာဖြင့်ရောင်းချနိုင် သည်☐<br>ထုတ်ကုန်များကိုရောင်းချနိုင်သည်☐ |
| ငါးဖမ်းခွင့်ရရှိနိုင်မှု | လွယ်ကူသည်☐ အသင့်အတင့်လွယ်ကူသည်☐ |

ရင်းမြစ်**…**ဦးတည်အုပ်စုဆွေးနွေးခြင်း **-** လယ်သမားအုပ်စု။

